KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဒီဇင်ဘာလ ၁၅ရက်, ၂၀၂၁ခုနှစ် /KHRG စာအမှတ်- 21-247-I1

---

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ဘူးသိုမြို့နယ်အတွင်း မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးထိခိုက်ဒဏ်ရာရရှိ, ၂၀၂၁ခုနှစ်၊ ဩဂုတ်လ

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၁ခုနှစ်၊ ဩဂုတ်လတွင် မူတြော် (ဖာပွန်) ခရိုင်၊ ဘူးသိုမြို့နယ်၌ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၂၃ရက်နေ့ နံနက် ၁၀း၀၀ အချိန်၌ ခေါပူကျေးရွာအုပ်စုရှိ ရွာသားတစ်ဦးသည် အ---ကျေးရွာအနီးရှိ ထိုသွါထာချောင်းဘေးတွင် မြေမြှုပ်မိုင်းတစ်လုံးအားနင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၎င်း၏ညာဖက်ခြေထောက်ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ဖ--- ဆေးရုံတွင် ဆေးဝါးဆိုင်ရာပစ္စည်း လုံလောက်မှုမရှိသဖြင့် ဆေးရုံတက်ရန်အတွက် ၎င်းအား ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သည်။ ရွာသားကို မြေမြှုပ်မိုင်းထောက်ထားခြင်းနှင့်ပတ်သက်၍ အသိပေးခြင်းမရှိသဖြင့် ဟ---ကျေးရွာရှိရွာသားများသည် မြေမြှုပ်မိုင်းပေါက်ကွဲမည်ကို ကြောက်ရွံ့ကြရပါသည်။*[1]

---

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| အခင်းဖြစ်ပွားမှုအမျိုးအစား | မြေမြှုပ်မိုင်းပေါက်ကွဲမှု |
| အခင်းဖြစ်ပွားသည့်နေ့ရက် | ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၂၃ရက်နေ့ |
| အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ အ---ကျေးရွာအနီးရှိ ထိုသွါထာချောင်း |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| အမည် | စောစ--- |
| အသက် | ၃၇ |
| ကျား/မ | ကျား |

[1] ဤအစီရင်ခံစာသည် ၂၀၂၁ခုနှစ်၊ ဩဂုတ်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| | |
|---|---|
| လူမျိုး | ကရင် |
| မိသားစုရှိ/မရှိ | ရှိ |
| အလုပ်အကိုင် | လယ်သမား |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ ဟ---ကျေးရွာ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

**(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။**

ရွာသားတစ်ဦးမှ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သတင်းမှတ်တမ်းပြုစုသူအား မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ အကြောင်းကြားခဲ့ပါသည်။ ထို့နောက် သတင်းမှတ်တမ်းပြုစုသူမှ မြေမြှုပ်မိုင်းထိမှန်ဒဏ်ရရှိသူ၏ ဖခင်နှင့်သူငယ်ချင်းအချို့အားတွေ့ဆုံမေးမြန်ခဲ့ပြီး ၎င်းတို့မှ အခင်းဖြစ်ပွားမှု သတင်းအချက်အလက်အားပြောပြခဲ့ပါသည်။

**(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။**

KHRG မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်သော မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရရှိသူ၏ သူငယ်ချင်းများသည် ၎င်းအား အခင်းဖြစ်ပွားသည့်နေရာမှ ကူညီပိုဆောင်ပေးခဲ့ကြသူများဖြစ်သည်။ သတင်းအချက်အလက်ကို ပြောပြသောအခြားသူတစ်ဦးမှာ မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်၍ သိရှိထားသော မြေမြှုပ်မိုင်းထိမှန်ဒဏ်ရာရရှိသူ၏ ဖခင်ဖြစ်သည်။

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၂၃ရက်နေ့ နံနက် ၁၀း၀၀ အချိန်၌ မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ ဟ---ကျေးရွာရှိ အသက် ၃၇ အရွယ်ရှိ ရွာသားတစ်ဦးဖြစ်သည့် စောစ--- သည် မြေမြှုပ်မိုင်းတစ်လုံးအားနင်းမိခဲ့သည်။ ထိုမြေမြှုပ်မိုင်းကို စစ်ကောင်စီ (SAC) စစ်သားများမှ ထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ရွာသားများယုံကြည်ကြသည်။ (အခင်းမဖြစ်ပွားမီ ထိုနေ့မနက်တွင် ဟ----ကျေးရွာအနီးရှိ အ---ကျေးရွာတွင်နေထိုင်ကြသော ရွာသားများမှ စစ်ကောင်စီစစ်သားများ ကင်းလှည့်နေကြသည်ကိုတွေ့ရှိသောကြောင့် စစ်ကောင်စီ စစ်သားများ မြေမြှုပ်မိုင်းထောင်ထားခဲ့ခြင်းဖြစ်မည်ဟု ယုံကြည်ကြပါသည်။) စောစ--- သည် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ခေါပူကျေးရွာအုပ်စု၊ အ--- ကျေးရွာအနီး (၁၅မိနစ်ခန့်သွားရပါသည်။) ရှိထိုသွါထာချောင်းတွင်မြေမြှုပ်မိုင်းနင်းမိပြီး ညာဖက်ခြေထောက်တွင် ဒဏ်ရာရရှိခဲ့သည်။

ထိုနေ့မနက်တွင် စောစ---နှင့် ၎င်း၏သူငယ်ချင်းအချို့သည် ခေါပူကျေးရွာအုပ်စု၊ မ---ကျေးရွာ (ဟ--အနီးရှိအခြားကျေးရွာတစ်ရွာ) တွင်အစည်းအဝေးသွားရောက်တက်ခဲ့ကြသည်။ အစည်းအဝေးပြီးသည့်နောက် စောစ---နှင့်သူငယ်ချင်းများသည်အခြားရွာသား ၁၅ဦးတို့နှင့်အတူ အစည်းအဝေးမှပစ္စည်းအား (မ---ကျေးရွာမှ) အ---ကျေးရွာသို့ ကူညီပို့ဆောင်ခဲ့ကြသည်။ စောစ---သည် ဟ---ကျေးရွာသို့ပြန်စဉ် ထိုသွါထာချောင်းဘေးတွင် မြေမြှုပ်မိုင်းအား နင်းမိခဲ့ပါသည်။ သူငယ်ချင်းများနှင့်နေထိုင်ရာကျေးရွာသို့ အတူပြန်ခဲ့သော်လည်း ၎င်းတစ်ဦးတည်းသာ ထိခိုက်ဒဏ်ရာရရှိသွားပါသည်။ အခင်းဖြစ်ပွားသည်နှင့်တပြိုင်နက် စောစ--- ၏ သူငယ်ချင်းများမှ ၎င်းအား အ---ကျေးရွာသို့ပို့ဆောင်ခဲ့ကြသည်။ ထို့နောက် ၎င်းအား ဖ--- ဆေးရုံ (အနီးအနားရှိ ဖ---ကျေးရွာ) သို့ပို့ဆောင်ခဲ့ပြီး ၂၀၂၁ခုနှစ်၊ ဩဂုတ်လ နံနက် ၃း၀၀ အချိန်တွင်ရောက်ရှိခဲ့သည်။ ဖ--- ဆေးရုံတွင် ဆေးဝါးပစ္စည်းများလုံလောက်မှုမရှိသဖြင့် ဘူးသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဒ---ကျေးရွာရှိ ခိုနီခိုနေရာသို့ပို့ဆောင်ခဲ့သည်။ (၎င်းအနေဖြင့် ထိုနေရာမှ သံလွင်မြစ်ကိုဖြတ်ပြီး ထိုင်းနိုင်ငံသို့သွားနိုင်မည်ဖြစ်သောကြောင့်ဖြစ်သည်။)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၂၅ရက်နေ့ မနက်ပိုင်းတွင် ထိုင်းနိုင်ငံ၊ မဲဟောင်ဆောင်ရှိ ဆေးရုံတွင် ဆေးဝါးကုသမှု ရှေ့ဆက်ခံယူရန် စောစ---ကိုထိုင်းအာဏာပိုင်များမှ မြစ်၏တစ်ဖက်ကမ်းဖြတ်ခွင့်ပြုခဲ့သည်။ သို့သော် ၎င်းနှင့်အတူ မည်သူ့ကိုမျှ ထိုင်းနိုင်ငံသို့ အဖော်လိုက်ပေးရန် ခွင့်ပြုချက်မပေးခဲ့ပါ။ မဲဟောင်ဆောင်ဆေးရုံရှိ ဆရာဝန်မှ ၎င်း၏ညာဖက်ခြေထောက်အားဖြတ်တောက်ခဲ့သည်။ ဆေးရုံတွင် ထိုင်းမှကရင်ဘာသာစကားသို့ ဘာသာပြန်ပေးခြင်းအပါအဝင် ဆေးဝါးကုသမှုခံယူရန် ဆောင်ရွက်ခြင်းတို့အား ထိုင်းနိုင်ငံရှိ ကရင်ပရဟိတအဖွဲ့အစည်းမှ လိုက်ပါကူညီပေးခဲ့ကြသည်။ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံးအပတ်တွင် ၎င်းသည်ဆေးရုံမှဆင်းခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လာခဲ့သည်။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ၎င်း၏ဒဏ်ရာအတွက် ထိုင်းနိုင်တွင်ပြန်လည်ပြသခဲ့ပါသည်။

စောစ--- နှင့်၎င်း၏ဇနီးတွင် သားသမီး သုံးဦးရှိပါသည်။ ၎င်း၏ဒဏ်ရာရရှိမှုကြောင့် မိသားစုအား (လယ်သမားတစ်ဦးနေဖြင့်) အသက်မွေးဝမ်းကျောင်းပြုရန် အခက်အခဲကိုဖြစ်စေပါသည်။ ၎င်းမှ ကူညီထောက်ပံ့မှုအချို့အား သူငယ်ချင်းနှင့်ဆွေမျိုးများထံမှ ရရှိခဲ့ပါသည်။ သို့သော် ထိုင်းနိုင်ငံရှိ ကရင်ပရဟိတအဖွဲ့အစည်းမှပေးသော ကူညီထောက်ပံ့မှုမှလွဲ၍ အခြားမည်သည့်အဖွဲ့အစည်းထံမှ ထောက်ပံ့မှုမရရှိခဲ့ပါ။ ရွာသားများအနေဖြင့် မြေမြှုပ်မိုင်းထောက်ထားခြင်းနှင့်ပတ်သက်၍ အသိပေးခံရခြင်းမရှိသဖြင့် ကြောက်ရွံ့စွာနေထိုင်နေကြရသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

သတင်းအချက်အလက်ပေးသူများမှ KHRG အား အချက်အလက်များကိုအသုံးပြုရန် ခွင့်ပြုချက်ပေးထားပါသည်။







ဤဓာတ်ပုံများကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဘူးသိုမြို့နယ်၊ ဘူးအားဒဲကျေးရွာအုပ်စု၊ ဒ---ကျေးရွာ၊ ခိုနီခိုနေရာ၌ ရိုက်ယူခဲ့ပါသည်။ ဤပုံများသည် ထိုင်းနိုင်ငံသို့သွားသည့်မြစ်အားမဖြတ်မီ စောစ---မှ ထိုနေရာတွင်တစ်ညအိပ်ခဲ့ရသော ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။